# အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Friday—Second Morning Session)

Message Two

## ခေတ်ကာလ၏အမှုတော်မှတစ်ဆင့် ခေတ်ကာလ၏ ပြီးပြည့်စုံသော ရူပါရုံနောက်သို့ နီးကပ်စွာ လိုက်ခြင်း အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ ၂ကော၊၃း၃၊ ၆၊ ၈။ ၄း၁။ ၅း၁၈-၂၀။ ၁၁း၂-၃။ ၁တိ၊၁း၃-၄၊ ၁၈။ ဗျာ၊၂၂း၁-၂၊ ၁၄၊ ၁၇က

**I. ခေတ်ကာလတိုင်း၌ ထိုခေတ်၏ရူပါရုံရှိပြီး၊ ကျွန်ုပ်တို့၌ ခေတ်ကာလ၏အမှုတော်မှတစ်ဆင့် ခေတ်ကာလ၏ ပြီးပြည့်စုံသော ရူပါရုံ ရှိသည့်အလျောက်၊ ကျွန်ုပ်တို့သည် ဤရူပါရုံအတိုင်း ဘုရားသခင်ကို အစေခံကာ၊ ၎င်းနောက်သို့ နီးကပ်စွာလိုက်ရန် လိုအပ်သည် - တ၊၂၆း၁၉။ ဧ၊၁း၁၇။ ၃း၉။ ၁တိ၊၄း၆။**

A. ယနေ့ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်နိုင်ရခြင်းမှာ ကျွန်ုပ်တို့၌ တစ်ခုတည်းသော ရူပါရုံ၊ ခေတ်နှင့်အညီဖြစ်သော၊ အရာအားလုံး အမွေခံရသော ရူပါရုံ၊ ဘုရားသခင့် ထာဝရစီမံကိန်း၏ ရူပါရုံ ရှိသောကြောင့်ဖြစ်သည် - ဧ၊၁း၁၇။ ၃း၂၊ ၉။ ဗျာ၊၂၁း၁၀။ ၁တိ၊၁း၃-၄။ ရော၊၁၅း၆။ ၁ကော၊၁း၁၀။ တ၊၂၆း၁၃-၁၉။ ဖိ၊၃း၁၃-၁၄။

B. သမ္မာကျမ်းစာ၏ အုပ်စိုးနေသော ရူပါရုံမှာ ဘုရားသခင်၏ထာဝရစီမံကိန်း၏ ကောင်းကင်ဆိုင်ရာရူပါရုံဖြစ်ပြီး၊ ယင်းမှာ ကိုယ်တော်၏စိတ်နှလုံးတော်အလိုဆန္ဒနှင့်အတူ ဘုရားသခင်၏ထာဝရ ရည်ရွယ်ချက်မှာ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း ဖြစ်သည့် ခမည်းတော်သည် သားတော်၌ ဝိညာဉ်တော်အားဖြင့် မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံလူများအထဲသို့ သူတို့၏ အသက်နှင့် သဘောသဘာဝဖြစ်ရန် ဝေငှဖြန့်ဖြူး၍၊ သူတို့သည် ကိုယ်တော်၏ ပုံတူပွားခြင်းအဖြစ် ကိုယ်တော်နှင့်တူရန်၊ အသက်ဆိုင်ရာ ထုံးဖွဲ့မှုဖြစ်သော လူသစ်အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်လာ၍ ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်း၊ ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်ရန်၊ ယင်းသည် ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံလာစေရန် ဖြစ်သည် - ဧ၊၁း၁၀။ ၃း၉။ ၁တိ၊၁း၃-၄။ ရော၊ ၈း၂၉။ ၁ယော၊၃း၂။ ဧ၊၁း၂၂-၂၃။ ၂း၁၅-၁၆။ ၃း၁၉။ ဗျာ၊၃း၁၂၊ ၂၁။ ၂၁း၂၊ ၉-၁၀။ တ၊၂၆း၁၉။

C. "ကျွန်ုပ် (ဝစ်နက်စ်လီ)သည် ညီအစ်ကိုနီးအား 'တစ်နေ့တွင် သင်သည် ဤလမ်းကို မယူဆောင်လျှင်လည်း၊ ကျွန်ုပ်သည် ဤလမ်းကို ဆက်လက်ယူဆောင်ဦးမည်။ ကျွန်ုပ်သည် ဤလမ်းကို ယူဆောင်ခြင်းမှာ သင်ကြောင့်မဟုတ်ပါ၊ သင့်ကြောင့် ဤလမ်းကို စွန့်လွှတ်ခြင်းလည်း မပြုပါ။ ဤလမ်းသည် သခင်ဘုရား၏လမ်းဖြစ်ကြောင်း ကျွန်ုပ် မြင်ခဲ့ပြီ။ ကျွန်ုပ်သည် ရူပါရုံကို မြင်ခဲ့ပြီ'ဟု ပြောခဲ့ပါသည်" - *The Vision of the Age,* p. 50.

**II. ကိုယ်တော်၏ မျက်မှောက် ပြန်လည်ရယူခြင်း၌ သခင်ဘုရားက ကျွန်ုပ်တို့ကို ပေးထားသည့် ရူပါရုံသည် အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ်၏ရူပါရုံနှင့်အတူ ဘုရားသခင့်ထာဝရစီမံကိန်း၏ အရာအားလုံးပါဝင်သောရူပါရုံဖြစ်သည် - သု၊ ၂၉း၁၈က။ တ၊၂၆း၁၈-၁၉။ ၂၂း၁၅။ ဗျာ၊၂၁း၂၊ ၉-၁၁။**

A. သမ္မာကျမ်းစာက ကျွန်ုပ်တို့ထံ ဖွင့်ပြသည့်အရာ၏ စုစုပေါင်းမှာ ယေရုရှလင်မြို့သစ်ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် သမ္မာကျမ်းစာ၏ ဖွင့်ပြခြင်းတစ်ခုလုံး စုစုပေါင်း ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည် - က၊၂၈း၁၀-၂၂။ ယော၊၁း၁၊ ၁၄၊ ၂၉၊ ၃၂၊ ၄၂၊ ၅၁။ ဗျာ၊၂၁း၃၊ ၂၂။

B. ယေရုရှလင်မြို့သစ်ကို ကျွန်ုပ်တို့ရှင်ထွက်ခြင်းသည် ကျွန်ုပ်တို့အနေဖြင့် ယေရုရှလင်မြို့သစ်ဖြစ်လာခြင်းဖြစ်ကာ၊ ယေရုရှလင်မြို့သစ်ကို ကျွန်ုပ်တို့ဖြစ်ပေါ်စေခြင်းမှာ စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားအားဖြင့် ယေရုရှလင်မြို့သစ်ကို တည်ဆောက်ခြင်း ဖြစ်သည် - ယေ၊၂း၁၃။ ယော၊၄း၁၄ခ။ ၇း၃၇-၃၉။ ဗျာ၊၂၂း၁-၂က။

C. ဒေသန္တရအသင်းတော်တိုင်းသည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သင့်သည်၊ ယုံကြည်သူတိုင်းသည် "ယေရုရှလင်မြို့သစ်ငယ်များ" ဖြစ်သင့်သည်။ ယေရုရှလင်မြို့သစ်အဖြစ် မှတ်ယူထားသည့်အရာမှန်သမျှသည် ကျွန်ုပ်တို့၏စုပေါင်းခြင်းဆိုင်ရာနှင့် တစ်ဦးချင်းဆိုင်ရာအတွေ့အကြုံနှစ်ခုလုံး၌ ရှိသင့်သည် - ၂း၃၊ ၂၂-၂၃။ ၂၂း၁-၂၊ ၁၄၊ ၁၇။ ၃း၁၂။

D. ယေရုရှလင်မြို့သစ်သည် တရားရေးဆိုင်ရာနှင့် အသက်ဆိုင်ရာသွင်ပြင်များနှင့်အတူ ဘုရားသခင်၏ပြည့်စုံသော ကယ်တင်ခြင်း၏ ကိုယ်ထင်ရှားခြင်းဖြစ်သည် - ရော၊၅း၁၀။ ဗျာ၊၂၂း၁၄။

1. ဘုရားသခင်၏ ပြည့်စုံသောကယ်တင်ခြင်းမှာ အခြေအဖြစ် ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ဘုရားသခင်၏အသက်တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည် - ရော၊၁း၁၆-၁၇။ ၅း၁၀၊ ၁၇-၁၈၊ ၂၁။ လု၊၁၅း၂၂-၂၃။ ညွှန်း၊ ယေ၊၂း၁၃။ ၁၃း၂၃။ ၁၇း၉။ ၂၃း၅-၆။ ၃၁း၃၃။

2. ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ဖြောင့်မတ်ခြင်းတိုက်မြစ်အပေါ် တည်ဆောက်ထားသည့် အသက်၏အကြောင်းအရာဖြစ်သည် - ဗျာ၊၂၁း၁၄၊ ၁၉-၂၀။ ၂၂း၁။ ညွှန်း၊ က၊၉း၈-၁၇။ ဆာ၊၈၉း၁၄။

E. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်ဆိုင်ရာကယ်တင်ခြင်း အပိုင်းကဏ္ဍအသီးသီးကို တွေ့ကြုံခံစားသည်နှင့်အမျှ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းကြကာ၊ ယေရုရှလင်မြို့သစ်၌ ဖြစ်တည်လာသည့်တိုင် တက်လှမ်းကြသည် - ရော၊၅း၁၀၊ ၁၇၊ ၂၁။ ၈း၁၀၊ ၆၊ ၁၁။ ဗျာ၊၂၂း၁-၂။ ညွှန်း၊ ယေ၊၁၈း၁၅။ မိက္ခာ၊၅း၂။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၏အသက်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် အသစ်မွေးဖွားကြကာ၊ ဘုရားသခင်၏သားအရိုက်အရာအတွက် ဘုရားသခင်၏မျိုးစိတ်များ၊ ဘုရားသခင်၏သားများဖြစ်လာကြသည် - ယော၊၁း၁၂-၁၃။ ဗျာ၊၂၁း၇။ ၂၂း၁၄ခ။

2. ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘောသဘာဝ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်ခံရကာ၊ သန့်ရှင်းသောမြို့တော်ကဲ့သို့ သန့်ရှင်းလာကြသည် - ၁သက်၊၅း၂၃။ ဧ၊၅း၂၆။

3. ကျွန်ုပ်တို့သည် ဘုရားသခင်၏အသိဉာဏ်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် အသစ်ပြုပြင်ခံရကာ၊ ယေရုရှလင်မြို့သစ်ကဲ့သို့ သစ်လွင်လာကြသည် - ၂ကော၊၄း၁၆။ ဧ၄း၂၃။

4. ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖြစ်ခြင်း၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲကြကာ၊ ရွှေ၊ ငွေ (ပုလဲ)နှင့် အဖိုးတန်ကျောက်များအဖြစ် သုံးပါးတစ်ပါးဘုရားဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း ရှိကြသည် - ၁ကော၊၃း၁၂။ ၂ကော၊၃း၁၈။ ရော၊၁၂း၂။ ဗျာ၊၂၁း၁၈-၂၁။

5. ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ဘုရားသခင့်သားဦး၏ ပုံသဏ္ဍာန်သို့ သဏ္ဍာန်တူညီလာကြကာ၊ ယေရုရှလင်မြို့သစ်၏ ပုံပန်းသွင်ပြင်ကို ရရှိကြသည် - ရော၊၈း၂၈-၂၉။ ဗျာ၊၂၁း၁၁။ ၄း၃။

6. ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ဘုန်းထင်ရှားကြပြီး၊ ယေရုရှလင်မြို့သစ်၏ ဘုန်းတော်ဖြင့် လုံးလုံးအကုန်အစင် ပျော်ဝင်ပြည့်ဝခြင်း ရှိကြသည် - ရော၊၈း၂၁။ ဖိ၊၃း၂၁။ ဗျာ၊၂၁း၁၁။

**III. ယေရုရှလင်မြို့သစ်ကို ရှင်ထွက်ရန်နှင့် ဖြစ်ပေါ်စေခြင်းမှာ ဘုရားသခင်၏ ပြည့်စုံသောကယ်တင်ခြင်းကို ခရစ်တော်၏ ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းနှင့် အသစ်သောနိုးကြားခြင်းအတွက် တုနှိုင်းရာမဲ့ ဓမ္မသစ်အမှုတော်၊ ခေတ်ကာလ၏အမှုတော်၏ ပင်ကိုမူလဆိုင်ရာ အနှစ်သာရနှင့် စုစုပေါင်းရလဒ်အတိုင်း ရှင်ထွက်ခြင်းနှင့် ဖြစ်ပေါ်စေခြင်းပင်ဖြစ်သည် - ဖိ၊၁း၁၉။ ၂း၁၃။ ရော၊၅း၁၀။ ၂ကော၊၄း၁။ ဧ၄း၁၁-၁၂၊ ၁၆။**

A. ဝိညာဉ်တော်၏ အမှုတော်သည် ပဋိညာဉ်တရားသစ်၏ အမှုတော်ဖြစ်ကာ၊ ကျွန်ုပ်တို့ကို ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ “မင်”ဖြစ်သည့် အသက်ရှင်သော ဘုရားသခင်၏ ဝိညာဉ်တော်ဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ရေးထွင်းခြင်းအားဖြင့် ကျွန်ုပ်တို့ကို ဘုရားဖြစ်စေခြင်း၊ ကျွန်ုပ်တို့ကို ခရစ်တော်၏ အသက်ရှင်သော စာများဖြစ်စေခြင်း ဖြစ်သည် - ဤသည်မှာ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံး အထွတ်အထိပ်ဖြစ်သည် - ၂ကော၊၃း၃၊ ၆၊ ၈၊ ၁၈။ ၄း၁။ ဟေရှာ၊၄၂း၆။ ၄၉း၆။ ဆာ၊၄၅း၁-၂။

1. ဝိညာဉ်တော်၏အမှုတော်အားဖြင့် ကျွန်ုပ်တို့သည် “ခရစ်တော်နည်းတူဖြစ်ခြင်း” ခံရကာ၊ အသက်၏မြို့တော်နှင့် ခရစ်တော်၏ သတို့သမီး ဖြစ်လာကြသည်။ ထို့ကြောင့် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြစ်သည့် ဝိညာဉ်တော်သည် ပုံသဏ္ဍာန်ပြောင်းလဲခံရသော သုံးပိုင်းရှိသည့်အသင်းတော်ဖြစ်သည့် သတို့သမီးကို လက်ထပ်ကာ၊ ဘုရားသခင်နှင့်လူ၏ တစ်ဝိညာဉ်တည်းအဖြစ် ရောနှောပေါင်းစည်းသည့်အသက်တာ၊ ထူးကဲသာလွန်လှသော၊ ကောင်းချီးမင်္ဂလာများနှင့် ဝမ်းမြောက်ရွှင်လန်းခြင်းဖြင့် လျှံထွက်စီးဆင်းနေသည့်အသက်တာကို အသက်ရှင်နေသည် - ရော၊၅း၁၀။ ဗျာ၊၂း၇။ ၂၂း၁-၂၊ ၁၇က။

2. ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ပဋိညာဉ်တရားသစ်၏ စေ့စပ်ထုံးဖွဲ့ခံရသော အမှုဆောင်များဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကောရိန္သုဒုတိယစာစောင်ရှိ အရာအားလုံးပါဝင်သော ဝိညာဉ်တော်၏ပုံပန်းသွင်ပြင်အားလုံး -

ဘိသိက်ပေးသောဝိညာဉ်တော်၊ တံဆိပ်ခတ်သောဝိညာဉ်တော်၊ အာမခံပေးသော ဝိညာဉ်တော် (၁း၂၁-၂၂။ ၅း၅)၊ ရေးထွင်းပေးသော ဝိညာဉ်တော် (၃း၃)၊ အသက်ပေးသော ဝိညာဉ်တော် (အငယ်၊၆)၊ အမှုဆောင်ပေးသောဝိညာဉ်တော် (အငယ်၊၈)၊ လွတ်မြောက်စေသော ဝိညာဉ်တော် (အငယ်၊၁၇)၊ ပုံသဏ္ဍာန်ပြောင်းလဲပေးသော ဝိညာဉ်တော် (အငယ်၊၁၈)နှင့် ပို့လွှတ်ဖြန့်ဖြူးသောဝိညာဉ်တော် (၁၃း၁၄) စသည်တို့ကို တွေ့ကြုံခံစားရမည်ဖြစ်သည်။

B. ဖြောင့်မတ်ခြင်း၏အမှုတော်သည် ခရစ်တော်၏ အမှုတော်ဖြစ်ကာ၊ ကျွန်ုပ်တို့ဖြောင့်မတ်ရာသို့ ရောက်ခြင်းအတွက် ကျွန်ုပ်တို့၏ အပြင်ပိုင်း ဖြောင့်မတ်ခြင်းဖြစ်ပြီး၊ ခရစ်တော်၏ ရှင်ထွက်လာခြင်းနှင့် စစ်မှန်သော ထင်ရှားခြင်းအတွက် ဝိညာဉ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းအလုပ်အားဖြင့် ကျွန်ုပ်တို့အထဲသို့ “ပန်းထိုးရက်လုပ်ထားသည့်” ကျွန်ုပ်တို့၏အတွင်းပိုင်း ဖြောင့်မတ်ခြင်းလည်းဖြစ်သည် - ဤသည်မှာ ဘုရား-လူအသက်ရှင်ခြင်းဖြစ်သည် - ၃း၉။ ဆာ၊၄၅း၁၃-၁၄။ ရော၊၈း၄။ ဆာ၊၂၃း၃။

1. ဖြောင့်မတ်ခြင်း၏ အမှုတော်အားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ အပြင်ပိုင်း ဖြောင့်မတ်ခြင်းအဖြစ် လက်ခံရရှိကြပြီး၊ ကျွန်ုပ်တို့၏အတွင်းပိုင်း ဖြောင့်မတ်ခြင်းအဖြစ် ကိုယ်တော်ကို မွေ့လျော်ကြရကာ၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ဖြောင့်မတ်ခြင်း၏ ဖန်ဆင်းခြင်းအသစ်အဖြစ် ယေရုရှလင်မြို့သစ်ဖြစ်လာကြသည် - ၁ကော၊၁း၃၀။ ဖိ၊၃း၉။ ၂ပေ၊၃း၁၃။ ညွှန်း၊ ဟေရှာ၊၃၃း၂၂။

2. အပြင်ပိုင်း ဖြောင့်မတ်ခြင်း (ခရစ်တော်က ကျွန်ုပ်တို့ထံ ပေးထားခြင်း) သည် ကျေးဇူးတော် (ကျွန်ုပ်တို့မွေ့လျော်ရသော ခရစ်တော်) ၌ ရလဒ်ထွက်ပေါ်လာကာ၊ ကျေးဇူးတော်သည် အတွင်းပိုင်းဖြောင့်မတ်ခြင်း (ကျွန်ုပ်တို့မှ ရှင်ထွက်သောခရစ်တော်) အဖြစ် ရလဒ်ထွက်ပေါ်လာသည် - ရော၊၅း၁-၂၊ ၁၇-၁၈။ လု၊၁၅း၂၂-၂၃။

3. ကျေးဇူးတော်၏တန်ခိုးသည် ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်ကာ၊ အတွင်းပိုင်း ဖြောင့်မတ်ခြင်းကို ထုတ်လုပ်ပေးပြီး၊ ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်လည်းကောင်း၊ အခြားသူများနှင့်လည်းကောင်း၊ မိမိကိုယ်တိုင်၌လည်းကောင်း ဖြောင့်မှန်မှု ရှိစေသည်၊ ၎င်းသည် အပြစ်ကို နှိမ်နင်းပေးရုံမက၊ စာတန်၊ အပြစ်နှင့် ကျွန်ုပ်တို့ဖြစ်ခြင်းရှိ သေခြင်းကိုလည်း အောင်မြင်ခဲ့ပြီး၊ ကျွန်ုပ်တို့ကို အသက်၌ စိုးစံခြင်းရှိစေသည် - ၂တိ၊၂း၁။ ရော၊၅း၁၇၊ ၂၁။

4. ကျွန်ုပ်တို့ဖြောင့်မတ်ရာသို့ ရောက်ခြင်းအတွက် ကျွန်ုပ်တို့ လက်ခံရရှိထားသည့် ဖြောင့်မတ်ခြင်းသည် အပြင်ပိုင်းဖြစ်ပြီး၊ ဖြောင့်မတ်သော ဘုရားသခင်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေကာ၊ အောင်မြင်သော သန့်ရှင်းသူများ၏ ဖြောင့်မတ်ခြင်းမှာမူ အတွင်းပိုင်းဖြစ်ပြီး၊ အောင်မြင်သောခရစ်တော်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းရန် သူတို့ကို တတ်စွမ်းစေသည် - ဗျာ၊၂၂း၁၄။ ၁၉း၇-၈။

C. ပြန်လည်သင့်မြတ်ခြင်းအမှုတော်သည် သူတို့၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းနှင့် ခရစ်တော်ထံ ယုံကြည်သူများ၏ပြန်လည်သင့်မြတ်ခြင်းအတွက် အပြစ်များကို ခွင့်လွှတ်ပေးခြင်းမှတစ်ဆင့် ခရစ်တော်ထံသို့ လောက၏ ပြန်လည်သင့်မြတ်ခြင်းအမှုတော်ဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် သူတို့၏ အသက်ဆိုင်ရာကယ်တင်ခြင်းအတွက် သူတို့၏ဝိညာဉ်၌၊ အသန့်ရှင်းဆုံးဌာန၌ အသက်ရှင်သောသူများ ဖြစ်နိုင်ကြမည်ဖြစ်သည် - ဤသည်မှာ လူများကို ဘုရားသခင်အတိုင်း ထိန်းကျောင်းခြင်းဖြစ်သည် - ၂ကော၊ ၅း၁၈-၂၁။ ၁ပေ၊၅း၁-၆။ ဟေဗြဲ၊၁၃း၂၀။

1. သခင်ဘုရား၏ မျက်မှောက်ခေတ် ပြန်လည်ရယူခြင်းသည် ဆာလံ ၂၃ ရှိ ခရစ်တော်၏ နျူမက်တစ် ထိန်းကျောင်းခြင်း၏ စစ်မှန်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ရန်ဖြစ်ပြီး၊ ယင်းမှာ ဆာလံ ၂၂ ရှိ ကိုယ်တော်၏ ရွေးနုတ်သောအသေခံခြင်းနှင့် အသင်းတော်ထုတ်လုပ်သော ရှင်ပြန်ထမြောက်ခြင်း ရလဒ်ဖြစ်ပြီး၊ ဆာလံ ၂၄ ရှိ နိုင်ငံတော် တည်ထောင်ရန် ရှင်ဘုရင်အဖြစ် ကိုယ်တော်ကြွလာခြင်း၏ ပြီးမြောက်ပြည့်စုံသော အကြောင်းရင်းလည်းဖြစ်သည်။

2. ပြန်လည်သင့်မြတ်ခြင်း၏ အမှုတော်အားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်ရေ၏ စမ်းရေများအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် ဘုရားသခင်အထဲသို့ ထိန်းကျောင်းခံရသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ရှိရာနေရာ စုပေါင်းထားသော အသန့်ရှင်းဆုံးဌာနအဖြစ် ထာဝရဇိအုန်ဖြစ်လာကြမည်ဖြစ်သည် - ဗျာ၊၇း၁၄၊ ၁၇။ ၁၄း၁။ ၂၁း၁၆၊ ၂၂။ ဆာ၊၂၀း၂။ ၂၄း၁၊ ၃၊ ၇-၁၀။ ၄၈း၂။ ၅၀း၂။ ၈၇း၂။ ၁၂၅း၁။ ယေဇ၊၄၈း၃၅ခ။

3. ပြန်လည်သင့်မြတ်ခြင်း၏ အမှုတော်သည် ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၌ရှိသည့် တမန်တော်ဆိုင်ရာ အမှုတော်ဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်၏ ထာဝရစီမံကိန်းအတိုင်း ယေရုရှလင်မြို့သစ်ကို ပြီး

မြောက်ပြည့်စုံစေရန် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ဘုရားသခင်၏သိုးတော်စုကို ထိန်းကျောင်းခြင်းဖြစ်သည် - ယော၊၂၁း၁၅-၁၇။ တ၊၂၀း၂၈-၂၉။ ဗျာ၊၁း၁၂-၁၃။

**IV. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ဓမ္မသစ်ကျမ်း၏ တုနှိုင်းရာမဲ့သော အမှုတော်သို့ ကျွန်ုပ်တို့ကို ပြန်လည်ခေါ်ဆောင်ရန်ဖြစ်သည်။ ဤအမှုတော်သည် (၂ကော၊၃း၁၈။ ၄း၁) အောက်ဖော်ပြပါ ဝိသေသလက္ခဏာများရှိသည်။**

A. ၎င်းသည် ဘုရားသခင့်စီမံကိန်း၏ ခွန်အားဖြစ်စေသော သွန်သင်ခြင်းကို အမှုဆောင်ပြီး၊ လူ၏ဇာတိဆိုင်ရာ စိတ်အားထက်သန်မှု၊ ဇာတိဆိုင်ရာ ချစ်ခင်တွယ်တာမှု၊ ဇာတိဆိုင်ရာခွန်အားနှင့် ဇာတိဆိုင်ရာစွမ်းဆောင်ရည်စသည့် ထူးခြားသောမီးနှင့်အတူ ဆန့်ကျင်ကွဲလွဲသူများ၏ ခြားနားသော၊ ထူးခြားသော သွန်သင်ခြင်းများကို ဆန့်ကျင်သည့် ကောင်းသောတိုက်ပွဲကို တိုက်ခိုက်နေသည် - ၁တိ၊၁း၃-၄၊ ၁၈။ ဟေဗြဲ၊၁၃း၉။ ၂တိ၊၂း၁-၁၅။ ဝတ်၊၁၀း၁-၁၁။

B. ၎င်းသည် ဒေသန္တရအသင်းတော်များကို ရွှေမီးခုံတိုင်များအဖြစ် တူညီသောအနှစ်သာရ၊ ပုံပန်းသွင်ပြင်နှင့် ထင်ရှားခြင်းတို့ဖြင့် ယေရှု၏သက်သေခံချက်ဖြစ်စေပြီး၊ တစ်ပါးတည်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော် တစ်ကိုယ်တည်းကို တည်ဆောက်၍ ကျွန်ုပ်တို့အားလုံးကို သုံးပါးတစ်ပါးဘုရား၏ တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ စုံလင်စေသည် - ဗျာ၊၁း၁၀-၁၃၊ ၂၀။ ယော၊၁၇း၂၃။ ဧ၊၄း၁-၄၊ ၁၁-၁၃။ ဇာ၊၄း၆။

C. ၎င်းသည် အောင်မြင်သောသူများကို ခရစ်တော်၏ သတို့သမီး၊ ကိုယ်တော်၏ "ဘုရင်မ" ဖြစ်စေကာ၊ "တော်ဝင်နန်းဆောင်" အဖြစ် ကိုယ်တော်ကိုယ်တိုင်၌လည်းကောင်း၊ "ဆင်စွယ်နန်းတော်များ"အဖြစ် ဒေသန္တရအသင်းတော်များ၌လည်းကောင်း "ရှင်ဘုရင်၏ နန်းတော်"အဖြစ် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကို ခရစ်တော်ထံသို့ စေ့စပ်ပေးပြီး၊ ခရစ်တော်ထံသို့ ရိုးရှင်းစွာနှင့် စင်ကြယ်စွာဖြင့် ကိုယ်တော်ကို ချစ်ခြင်းအား နှိုးဆွပေးကာ၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဘုရင်မ ဖြစ်စေသည် - ဆာ၊၄၅း၁-၁၅။ ဗျာ၊၂၁း၂၊ ၉-၁၀။ ၂ကော၊၁၁း၂-၃။

D. ၎င်းသည် ဘုန်းတော်သို့ သွားရာလမ်း၌၊ ကားတိုင်လမ်း၌ ကိုယ်တော်၏ဒုက္ခဆင်းရဲခံခြင်းများကို မိတ်သဟာယဖွဲ့ခြင်းတွင် ခရစ်တော်နောက်သို့ လိုက်ရန် ခွန်အားပေးနေသည်၊ ယင်းမှာ အသက်၏ထင်ရှားပေါ်ထွန်းခြင်းနှင့် တိုးပွားများပြားခြင်းအတွက်ဖြစ်သည် - ယော၊၁၂း၂၄-၂၆။ ကော၊၁း၂၄။ ၂ကော၊၄း၁၀-၁၁၊ ၁၆-၁၈။ ၁၁း၂၃-၃၃။

E. ၎င်းသည် ခရစ်တော်ကို ကျေးဇူးတော်၊ သမ္မာတရရား၊ အသက်နှင့် ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးကာ၊ ခရစ်တော်၏ ဖွင့်ပြခြင်း၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းအတွက်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသက်၌ စိုးစံရန် အသက်၌ ကယ်တင်ခြင်းခံရနိုင်မည်ဖြစ်သည် - ၁း၁၂၊ ၂၄။ ဖိ၊၁း၂၅။ ရော၊၅း၁၀၊ ၁၇။

F. ၎င်းသည် သမ္မာတရား၏ နှုတ်ကပတ်စကားနှင့် နှုတ်ကပတ်တော်၌ ရေ၏ဆေးကြောခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေသည်။ ၎င်းသည် နှုမက်တစ်ခရစ်တော်၏ ပြုစုယုယသော၊ ကျွေးမွေးပေးသော မျက်မှောက်တော်ဖြင့် ကျွန်ုပ်တို့ကို ထိန်းကျောင်းခြင်းလည်း ပြုနေသည် - ယော၊၁၇း၁၇။ ဧ၊၅း၂၆၊ ၂၉-၃၀။ ဗျာ၊၁း၁၂-၁၃။

G. ၎င်းသည် ရာထူးဂုဏ်သိမ်အဆင့်ဆင့်ကို ဖြိုချပြီး၊ ကျွန်ုပ်တို့ကို တစ်စုတည်းအဖြစ်သို့ ပေါင်းစည်းထားပေးကာ၊ ကျွန်ုပ်တို့အားလုံးကို ခရစ်တော်၏ညီများ၊ ခရစ်တော်၏ ကျွန်များ၊ ခရစ်တော်၏အင်္ဂါဝင်များဖြစ်စေ၍ စစ်မှန်ခြင်း၌ ခရစ်တော်၏ခန္ဓာတော် တစ်ကိုယ်တည်းဖြစ်စေသည်။ ၎င်းသည် မြင့်သောအရပ်များကိုလည်း ဖြိုချ၍၊ အသင်းတော်၌ ခရစ်တော်ကို အရာခပ်သိမ်းဖြစ်စေရန် ခရစ်တော်တစ်ပါးတည်းကိုသာ ချီးမြှောက်တော်မူသည် - မ၊၂၃း၈၀၁၂။ ၁ကော၊၁၂း၂၄။ တရား၊၁၂း၁-၃။ ၂ကော၊၄း၅။ ၁၀း၃-၅။ ကော၊၃း၁၀-၁၁။

H. ၎င်းသည် ကျွန်ုပ်တို့အားလုံးကို ဘုရားစီမံထားသောလမ်းအား လက်တွေ့လုပ်ဆောင်ခြင်းအထဲသို့ ခေါ်ဆောင်ကာ၊ မြေကြီးတစ်ပြင်လုံးသို့ နိုင်ငံတော်ဧဝံဂေလိတရား ဟောပြောခြင်းအတွက် ကိုယ်တော်သွားလေရာရာ၌ သိုးသငယ်နောက် လိုက်ခြင်းသို့ ကျွန်ုပ်တို့ကို ဦးဆောင်ပေးသည် - ရော၊၁၂း၄-၅။ ဧ၄း၁၁-၁၂။ ဗျာ၊၁၄း၄။ မ၊၂၄း၁၄။

I. ၎င်းသည် ဘုရားသခင့်စီမံကိန်း၏ အမြင့်ဆုံးအထွတ်အထိပ်ဖြစ်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းကို ရရှိရန် ယေရုရှလင်မြို့သစ်ကို ရှင်ထွက်ခြင်းနှင့် ယေရုရှလင်မြို့သစ်ကို ဖြစ်ပေါ်စေခြင်း၏ အသစ်သောနိုးကြားခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးသည် - ၂ကော၊၃း၆၊ ၈-၉။ ၅း၁၈-၂၀။ ရော၊၁၂း၄-၅။ ဧ၄း၄-၆၊ ၁၆။

*© 2021 Living Stream Ministry*